**ဆက်စပ်ကုမ္ပဏီတစ်ခုတွင် လုပ်ငန်းအသစ်ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သိသာရန်များ**

ဖတ်(စ်) မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” နှင့်၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ၊ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံထားသည့် အကျိုးဆက်စပ် ကုမ္ပဏီ (Affiliated Company) ဖြစ်သော Memories Group Ltd. မှ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် တိုးချဲ့မှု တစ်စိတ် တစ်ပိုင်းအဖြစ် SM Asset Holdings Pte. Ltd. အား ပိုင်ဆိုင်သည့် အစုရှယ်ယာ ၁၀၀% နှင့် Mokan (S) Pte. Ltd. အား ပိုင်ဆိုင်သည့် အစုရှယ်ယာ ၂၀% တို့အား ဝယ်ယူရန် ဖြည့်ဆည်းရမည့်အချက်များပါဝင်သည့် အစုရှယ်ယာဝယ်ယူသည့် သဘောတူစာချုပ် ၃ ခုကို ချုပ်ဆိုခဲ့ကြောင်း ကုမ္ပဏီ၏အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။ Mokan (S) Pte. Ltd. ၏ ကျန်ရှိသည့် အစုရှယ်ယာ ၈၀% ကို SM Asset Holdings Pte. Ltd. မှ ပိုင်ဆိုင်ပါသည်။

သဘောတူစာချုပ်များနှင့်ပတ်သက်သည့် အသိပေးကြေညာချက်များကို အောက်ဖော်ပြပါ လင့်(ခ်) (Link) များမှ တစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

Memories Group ၏ လုပ်ငန်းအသစ်ဝယ်ယူမှုများ။ ။
http://infopub.sgx.com/Apps?A=COW_CorpAnnouncement_Content&B=RSSAnnouncementToday&F=FYTCIU8W530BJI7P&H=96a298ace4dbeff022ef308d634dc02ff9515eef935db886dd1220720cd2d632

**FMI ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအပေါ် အကျိုးသက်ရောက်မှု**

အထက်တင်ပြပါ လုပ်ငန်းအသစ်ဝယ်ယူမှုကိစ္စရပ်များ အောင်မြင်စွာပြီးစီးပါက Memories Group Ltd. အနေနှင့် လုပ်ငန်းလွှဲပြောင်းပေးသူများအား ၎င်း၏အစုရှယ်ယာအသစ်များထုတ်ဝေပေးရမည်ဖြစ်ရာ၊ ယင်းသို့ ထုတ်ဝေပေးချိန်တွင် Memories Group Ltd. တွင် FMI ကုမ္ပဏီ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ ၁၁.၈၁% မှ ၈.၃၆% သို့ လျော့ကျသွား(Dilute) မည် ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ
ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်


**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm